JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

ဒီဇင်ဘာလ ၁၂၊ ၂၀၂၃ | မြန်မာ

# မြန်မာစစ်အုပ်စုနှင့် အပေါင်းအပါများအပေါ် ကနေဒါ၊ အီးယူနှင့် ယူကေတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများကို JFM က ကြိုဆို ရက်စက်ကြမ်းကြုတ်မှုများ အဆုံးသတ်ရန် နောက်ထပ်အရေးယူဆောင်ရွက်ဖို့ တောင်းဆို

မြန်မာစစ်အုပ်စုက ပြည်သူများအပေါ် အကြမ်းဖက်စစ်ဆင်ရေးကို တိုးမြှင့်လုပ်ဆောင်နေချိန် မြန်မာအစစ်အုပ်စုနှင့် ၎င်း၏ အပေါင်းအပါအများအပေါ် ယခုနောက်ဆုံးချမှတ်လိုက်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို Justice For Myanmar က ကြိုဆိုပြီး၊ နိုင်ငံတကာ အစိုးရများအနေဖြင့် အရှိန်မြင့်လုပ်ဆောင်ကာ၊ ဒဏ်ခတ်ပိတ်ဆို့မှုများအား ညှိနှိုင်းချမှတ်မှုများ ပိုမိုလုပ်ဆောင်ရန် တောင်းဆိုလိုက်သည်။

စစ်အုပ်စုက တရားမဝင်အာဏာသိမ်းကြိုးပမ်းမှု ၃ နှစ်နီးပါး ကြာမြင့်လာချိန်၊ နယ်မြေထိန်းချုပ်မှု ဆက်တိုက်ဆုံးရှုံးနေချိန်တွင် ယခုနောက်ဆုံး ဒဏ်ခတ်ပိတ်ဆို့မှုများကို ချမှတ်လိုက်ခြင်း ဖြစ်သည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အီးယူက Star Sapphire Group of Companies နှင့် Royal Shune Lei Company Limited တို့ကို ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီး၊ ယင်းကုမ္ပဏီနှစ်ခုလုံးသည် မြန်မာစစ်တပ်ထံ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချကာ စစ်တပ်၏ နိုင်ငံတကာရာဇဝတ်မှုများကို အားပေးကူညီလျက်ရှိသည့် ကုမ္ပဏီများ ဖြစ်သည်။

Star Sapphire Group of Companies သည် မင်းအောင်လှိုင်မိသားစုနှင့် နီးကပ်သည့်ဆက်ဆံရေးရှိသည့် ခရိုနီစီးပွားရေးလုပ်ငန်းကြီးတစ်ရပ်ဖြစ်ပြီး၊ Star Sapphire Group ၏ တည်ထောင်သူ ထွန်းမင်းလတ်ကို ထိုင်းရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းဖမ်းဆီးစဉ် မင်းအောင်လှိုင် သားသမီးများ၏ ပိုင်ဆိုင်မှုများကို ၎င်း၏ လက်ဝယ်တွင် သိမ်းဆည်းရမိခဲ့သည်။ ထွန်းမင်းလတ်သည် လက်ရှိတွင် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု စွဲချက်များဖြင့် ထိုင်းနိုင်ငံအတွင်းရှိ အချုပ်ထောင်တွင် ရောက်ရှိနေသည်။

Royal Shune Lei Company Limited သည် မြန်မာစစ်တပ်အတွက် စစ်လက်နက်ပွဲစားကုမ္ပဏီဖြစ်ပြီး၊ ပထမဆုံးအကြိမ် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခံရခြင်း ဖြစ်သည်။ ရုရှားနိုင်ငံနှင့် ဆားဘီးယားနိုင်ငံတို့မှ စစ်လက်နက်နှင့် စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံးပစ္စည်းများ ဝယ်ယူမှုများတွင် ၎င်းကုမ္ပဏီ၏ ပတ်သတ်ဆက်နွယ်မှုကို Justice For Myanmar

က ယခင်ကတည်းက ဖော်ပြခဲ့ပြီး ဖြစ်သည်။ ၎င်းကုမ္ပဏီသည် ၂၀၂၂ အတွင်း မြောက်ကိုရီးယားက မြန်မာစစ်တပ်သို့ လက်နက်ရောင်းချမှုအတွက် ကြားခံပွဲစားလုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အီးယူသည် စစ်အုပ်စု၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ညိုစော၊ ဝဏ္ဏမောင်လွင်နှင့် မူထန်၊ ထို့အတူ စစ်တပ်၏ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး လှမိုးတို့ကိုလည်း ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

ညိုစောသည် စစ်အုပ်စုစီးပွားရေးရာဇဝတ်ဂိုဏ်းတွင် အရေးပါသည့် ဇာတ်ကောင်တစ်ဦးဖြစ်ပြီး၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း၏ ဥက္ကဌဖြစ်ခဲ့သူဖြစ်သည့်အပြင် စစ်အုပ်စု၏ နိုင်ငံခြားငွေကြေးလဲလှယ်မှုကြီးကြပ်ရေးကော်မတီတွင် အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။

ဒီဇင်ဘာလ ၈ ရက်နေ့တွင် ယူကေနိုင်ငံက ဗိုလ်မှူးကြီးစောချစ်သူ၊ ၎င်း၏ အပေါင်းအပါဖြစ်သူ စောမင်းမင်းဦးနှင့် ရှီကျစ်ကျန်း (Shi Zhi Jiang ဟုလည်း ရေးသား) တို့ကို ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ဗိုလ်မှူးကြီး စောချစ်သူ၏ တရားဝင်အမည်သည် စံမြင့်ဖြစ်ပြီး၊ ၎င်းသည် ကရင်ပြည်နယ်အတွင်းရှိ မြန်မာစစ်တပ် ကွပ်ကဲမှုအောက်ရှိ ပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ကရင်ပြည်နယ်နယ်ခြားစောင့်တပ်ဖွဲ့ကို ဦးဆောင်သူ ဖြစ်သည်။ မင်းမင်းဦးသည် ယင်းပြည်သူ့စစ်တပ်ဖွဲ့တွင် ဗိုလ်မှူးကြီးတစ်ဦးဖြစ်ပြီး၊ ပြည်သူ့စစ်အဖွဲ့၏ တရားမဝင်ကာစီနိုလုပ်ငန်းများနှင့် လူကုန်ကူးမှု ပြုဆိုက်ဘာလုပ်ငန်းအိမ်ယာများအပါအဝင် အကျင့်ပျက်စစ်ပွားရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သူ ဖြစ်သည်။ ရှီကျစ်ကျန်း-Shi Zhijiang သည် ကမ္ဘောဒီယားနိုင်ငံသားအဖြစ် ခံယူထားသည့် တရုတ်ဝရမ်းပြေး တစ်ဦး ဖြစ်ပြီး၊ ၎င်းတို့၏ စီးပွားရေးမိတ်ဖက်တစ်ဦးဖြစ်သည်။ ၎င်းသည် တရုတ်အာဏာပိုင်များက ရာဇဝတ်သားလွှဲပြောင်း ပေးအပ်ရန် တောင်းဆိုပြီးနောက် ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဖမ်းဆီးခံရချိန်အထိ ကရင်နယ်ခြားစောင့်တပ်ဖွဲ့နှင့်အတူ ရွှေကုက္ကိုလ်တွင် ရထိုက်စီမံကိန်းကို ဦးဆောင်သူ ဖြစ်သည်။

ဒီဇင်ဘာ ၈ ရက်နေ့တွင် ကနေဒါနိုင်ငံက စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုကို ဦးဆောင်ခဲ့သူ၊ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများတွင် တာဝန်ရှိသူ စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်ကို ဒုတိယအကြိမ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ၎င်းအား ကနေဒါနိုင်ငံ၏ အကျင့်ပျက် နိုင်ငံခြားတာဝန်ခံအရာရှိများကြောင့် ထိခိုက်ခံရသူများအတွက် တရားမျှတမှုရရှိရေး အက်ဥပဒေ Magnitsky Law ဖြင့် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်လိုက်ခြင်း ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကလည်း ကနေဒါနိုင်ငံက မင်းအောင်လှိုင်အား စီးပွားရေးဆိုင်ရာ အထူးအရေးယူဆောင်ရွက်ချက် (ဗမာ) ပြဋ္ဌာန်းချက်ဖြင့် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “အခုနောက်ဆုံး ချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေဟာ မြန်မာစစ်အုပ်စုက ပြည်သူတွေကို အကြမ်းဖက်စစ်ဆင်ရေး ဆက်လက်လုပ်ဆောင်ဖို့ လိုအပ်တဲ့ ဘဏ္ဍာငွေနဲ့ စစ်လက်နက်ရင်းမြစ်တွေကို ပိတ်ဆို့တဲ့ နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်လို့ ကြိုဆိုပါတယ်။

ယူကေနိုင်ငံက မြန်မာစစ်တပ်ကွပ်ကဲမှုအောက်မှာရှိတဲ့ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့ကွန်ယက်ထဲက အရေးပါတဲ့ လူပုဂ္ဂိုလ်တွေကို ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်အရေးယူလိုက်တာကိုလည်း ကြိုဆိုပါတယ်။ ဒီနယ်ခြားစောင့်တပ်ဟာ လူကုန်ကူးတာ၊ ဆိုက်ဘာလိမ်လည်မှုလုပ်ငန်း အိမ်ယာခြံဝန်းအတွင်းမှာ လူကျွန်ပြုတာ၊ တရားမဝင်ကာစီနိုလုပ်ငန်းတွေ ဖွင့်လှစ်လုပ်ကိုင်တာနဲ့ ငွေကြေးခဝါချမှုတွေ အပါအဝင် ဆိုးရွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ရာဇဝတ်မှုတွေအတွက် တာဝန်ရှိတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

မြန်မာစစ်အုပ်စုက ဒီရာဇဝတ်ကွန်ယက်တွေရဲ့ ထိပ်ပိုင်းဦးဆောင်သူနေရာမှာရှိပြီး၊ အာဆီယံဒေသနဲ့ အဲ့ဒီအလွန်တခြားဒေသတွေအပေါ် သူတို့ရဲ့ ခြိမ်းခြောက်အန္တရာယ်ပြုနေတာတွေကို အဆုံးသတ်နိုင်ဖို့ မြန်မာစစ်ရာဇဝတ်ဂိုဏ်းကို အပြီးတိုင် ဖျက်ဆီးဖြိုချပြီး ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရမှာဖြစ်ပါတယ်။

ဒါပေမယ့်လည်း မြေပြင်မှာ ဖြစ်နေတဲ့ အရင်က တခါမှ မဖြစ်ဖူးတဲ့ အတိုင်းအဆရှိတဲ့ အကြပ်အတည်းတွေနဲ့ နှိုင်းယှဉ်ရင်တော့ ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်တာတွေက အရမ်းနှေးကွေးနေပါတယ်။ နောက်ထပ် စစ်အုပ်စုရဲ့စစ်လက်နက်နဲ့ ဘဏ္ဍာငွေရင်းမြစ်တွေကို အမြန်ဆုံး ဖြတ်တောက်နိုင်ဖို့ လိုအပ်နေပါတယ်။ အစိုးရတွေအနေနဲ့ နောက်ထပ်ဒဏ်ခတ်ပိတ်ဆို့အရေးယူဖို့ နဲ့ တရားမျှ တမှုနဲ့ တာဝန်ခံမှုဖော်ဆောင်ဖို့အတွက် အခုထက် အရှိန်ရော အတိုင်းအဆပါ တိုးမြှင့်ပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုတွေကို အခုထက် ပိုအားကောင်းအောင် လုပ်ဆောင်ကြဖို့ တောင်းဆိုပါတယ်” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

<u>**Justice For Myanmar**</u> သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများ အဆုံးသတ်ရန် တောင်းဆိုနေပြီး၊ ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/

Mirror:https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/